## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ်၊ ၃၄/၂၀၂၀

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတွင်းကူးစက်ဖြစ်ပွားမှု လျော့နည်း လာခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများတွင်သာ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သတ်မှတ်ထားသောနေရာများ တွင် အသွားအလာကန့်သတ်၍ စောင့်ကြည့်နေမှုအား ဒေသဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျ ပိုင်းဝန်း၍ ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း လုပ်ငန်းကို အထူးအလေးထားဆောင်ရွက်လျက်ရှိခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေး ဌာနမှဝန်ထမ်းများ၊ နီးနွယ်ဌာနများနှင့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၆-၄-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၃၇/၂၀၂၀) အရ လူ ၅ ဦး ဖြစ်စေ၊ လူ ၅ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့် ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များကို ထပ်မံဖြည့်စွက်လိုက်သည် –

(က) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ခြင်း၊

(ခ) အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများအတွင်း ဆောင်ရွက်ရမည့် ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် သင်တန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်ကိုက်ညီ၍ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များက ဖွင့်လှစ်ခွင့်ပြုထားသော စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊

(င) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၃-၅-၂၀၂၀ ရက်စွဲဖြင့် အသိပေးထုတ်ပြန်ကြေငြာထားသည့် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သော လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်း။

MDN
MYANMARDIGITALNEWS

(ဒေါက်တာမြင့်ထွေး)

ပြည်ထောင်စုဝန်ကြီး